# ၁၉၅၅ ခုနှစ်၊ သင်္ဘောသွားလာမှုအုပ်ချုပ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေ။*

[၁၉၅၅ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၁။]

(၁၉၅၅ ခုနှစ်၊ မတ်လ ၂၉ ရက် )

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို ၁၉၅၅ ခုနှစ်၊ သင်္ဘောသွားလာမှုအုပ်ချုပ်ရေး(ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။ ၁၉၅၄ ခုနှစ်၊ သင်္ဘောသွားလာမှုအုပ်ချုပ်ရေးအက်ဥပဒေတွင် ပုဒ်မ ၁ ၏ ပုဒ်မခွဲ (၂) အစား၊ အောက်ပါကို ပုဒ်မခွဲ (၂) အဖြစ် ထည့်သွင်းရမည်။

"(၂) ဤအက်ဥပဒေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အာဏာတည်ရမည်။ ထို့ပြင် ဤအက်ဥပဒေသည်၊ မြန်မာနိုင်ငံ ကမ်းရိုးတန်းရေပြင် တွင် သွားလာနေသည့် နိုင်ငံခြားတိုင်းပြည်များ၌ မှတ်ပုံတင်ထားသော သင်္ဘောများ၊ ထိုသင်္ဘောများပေါ်ရှိလူများနှင့် သက်ဆိုင်ရမည့်ပြင်၊ မည်သည့်နေရာတွင်မဆိုရှိသည့် ပြည်ထောင်စု မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော သင်္ဘောများ၊ ထိုသင်္ဘောများ ပေါ်ရှိ လူများနှင့်လည်း သက်ဆိုင်ရမည်။"

◆ ◆ ◆ ◆ ◆

* မြန်မာနိုင်ငံ ပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၅၅ ခုနှစ်၊ ဧပြီလ (၉) ရက်၊ စာမျက်နှာ - ၅၂၃။